**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**ကုသရေးဦးစီးဌာန**

စာအမှတ် ၊ ပုဂ္ဂလိက/ညွှန်ကြားချက်/၂၀၂၆/၃၂၅၉

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ( ၁၇ ) ရက်

သို့

၁။ နေပြည်တော်ကုသရေးဦးစီးဌာနမှူး၊ နေပြည်တော်ကုသရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

၂။ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူး၊
တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာန၊---------------တိုင်းဒေသကြီး/ပြည်နယ်

အကြောင်းအရာ။ **ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတွင် အနည်းဆုံး ဖြည့်ဆည်းထားရှိရမည့် စံသတ်မှတ်ချက်များပေးပို့ခြင်းကိစ္စ။**

ရည်ညွှန်းချက်။ ကုသရေးဦးစီးဌာန၏ (၂၆-၆-၂၀၂၆) ရက်စွဲပါစာအမှတ်၊ ပုဂ္ဂလိက/ညွှန်ကြားချက်/၂၀၂၆ (၂၅၀၅)၊ (၂၅၀၇)၊ (၂၅၀၉)

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းများ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ လျှောက်ထားနိုင်ရေး ကြိုတင်ထောက်ခံချက်နှင့် လုပ်ငန်းလိုင်စင်လျှောက်လွှာ၊ လုပ်ငန်းလိုင်စင်ကြေး၊ ကွင်းဆင်းစစ်ဆေးချက်ပုံစံများအား ရည်ညွှန်းပါစာများဖြင့် ပေးပို့ခဲ့ပါသည်။

၂။ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းများ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ခွင့်ပြုရာတွင် အရည်အသွေးပြည့်မီသော ကုသမှုအထောက်အကူပြုကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ရန်နှင့် အဆင့်အတန်းမီပြီး စနစ်ကျသော သင်တန်းကျောင်းများဖွင့်လှစ်ရန်အတွက် (၁၉-၆-၂၀၂၆)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၆)ဆုံးဖြတ်ချက်အရ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတွင် အနည်းဆုံးဖြည့်ဆည်းထားရှိရမည့်

စံသတ်မှတ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပါရန်နှင့် မြို့နယ်၊ ခရိုင်ကုသရေးဦးစီးဌာနမှူးများထံ ဆက်လက်ညွှန်ကြားဆောင်ရွက်ပေးပါရန် အကြောင်းကြားပါသည်။

၃။ ဤစာကို လက်ခံရရှိကြောင်းပြန်ကြားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြပေးပါရန် ဖြည့်စွက်အကြောင်းကြားပါသည်။

ပူးတွဲ - ( ၆ ) ရွက်

(ဒေါက်တာမြတ်ဝဏ္ဏစိုး)

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

၁။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ။

၂။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ။

၃။ ညွှန်ကြားရေးမှူး (ကုသရေး)/(အင်ဂျင်နီယာ)/(ကုသထောက်ကူ)/(သူနာပြု)/(ခုတ်ခွဲ)၊ ကုသရေးဦးစီးဌာန။

၄။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း။

၅။ မျှောစာတွဲ။

၆။ ရုံးလက်ခံ။

# ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတွင် အနည်းဆုံးဖြည့်ဆည်းထားရှိရမည့် စံသတ်မှတ်ချက်များ

## ၁။ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု

(က) မျှော်မှန်းချက် (Vision)၊ ရည်မှန်းချက် (Mission)၊ ရည်ရွယ်ချက်များ (Objectives) ရှိရမည်ဖြစ်၍ ၎င်းတို့သည် လုပ်ငန်းနှင့်ကိုက်ညီမှုရှိရမည်။

(ခ) သင်တန်းဆရာ/အုပ်ချုပ်သူများသည် သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားရေး လုပ်ငန်းကို အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆုံးဖြတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။

(ဂ) သင်တန်းကျောင်း၏ တံဆိပ်နှင့် အမှတ်အသား (Logo & Seal)၊ သင်တန်းကျောင်း ဖွဲ့စည်းပုံဇယား (Organization Structure/ Organization Chart) တင်ပြရမည်။

(ဃ) သင်တန်းကျောင်းဝတ်စုံပုံစံနှင့် ဝတ်စုံဝတ်ဆင်ရမည့် နေ့ရက်သတ်မှတ်ချက်များ စနစ်တကျ သတ်မှတ်ထားရှိရမည်။

## ၂။ တည်နေရာနှင့်ပရိဝုဏ်

(က) ပုဂ္ဂလိက ကုသမှုအထောက်အကူပြု သင်တန်းကျောင်းဖွင့်လှစ်မည့် အဆောက် အအုံသည် **သီးခြားအဆောက်အဦနှင့် သီးခြားပရိဝုဏ်**ဖြစ်ရမည်။ ပုဂ္ဂလိက ဆေးရုံပရိဝုဏ်အတွင်း တည်ထောင်ဖွင့်လှစ်ပါက သင်တန်းကျောင်းသည် သီးခြား အဆောက်အဦ ဖြစ်ရမည်။

(ခ) စာသင်ခန်းတစ်ခန်း အကျယ်အဝန်းမှာ အနည်းဆုံး (ပေ ၂၀ x ပေ ၄၀) နှင့် သင်တန်းသားတစ်ဦးအတွက် အနည်းဆုံး (၂၀) စတုရန်းပေ အကျယ်အဝန်း ရှိရမည်။ စာသင်ခန်းတစ်ခန်းတွင် လက်ခံသင်တန်းသားဦးရေ (၂၅)ဦးထက် မပိုသော အရေအတွက် ဖြစ်ရမည်။

(ဂ) လက်ခံမည့် သင်တန်းသားဦးရေနှင့် ဖွင့်လှစ်မည့်ဘာသာရပ်အလိုက် စာသင်ခန်း အရေအတွက်အား သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်ဖြစ်ပြီး သင်တန်းကာလ တစ်ကြိမ်တွင် ဘာသာရပ်တစ်ခုအတွက် သင်တန်းသားဦးရေ (၅၀) ထက် မပိုသော အရေအတွက်ဖြစ်ရမည်။ ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားရန် အခန်းများ ပြင်ဆင်ထားရှိရမည်။

(ဃ) သင့်လျော်သော ယာဉ်ရပ်နားရန်နေရာစီစဉ်ထားရှိရမည်။

(င) သင်တန်းကျောင်း ဖွင့်လှစ်ရန်နေရာသည် ပတ်ဝန်းကျင် ဆူညံသော စက်ရုံ အလုပ်ရုံများနှင့် ဝေးကွာသောနေရာတွင်ရှိရမည်။

(စ) သင်တန်းသားများအား ညအိပ်လက်ခံပါက သင်တန်းသားအိပ်ဆောင် (ကျား၊ မ ခွဲခြားထားရှိရမည်၊ သင်တန်းသားတစ်ဦးအတွက် အနည်းဆုံး ၁၀ x ၁၀ ပေ ရှိရမည်။)၊ ထမင်းစားဆောင်၊ ချက်ပြုတ်ခန်း(မီးဖိုဆောင်)၊ ရေချိုးခန်း၊ အိမ်သာ စသဖြင့် အခြေခံလိုအပ်ချက်များ ပြည့်စုံစွာပြင်ဆင်ထားရှိရမည်။

(ဆ) သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ရန် အဆောက်အဦ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်လိုပါက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင်ထောက်ခံချက်တင်ပြရမည်။ ကြိုတင်ထောက်ခံချက်ပါ အတည်ပြု ဗိသုကာပုံစံနှင့်အညီ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုမိန့်ဖြင့်လည်းကောင်း၊ အထပ်မြင့်အဆောက်အဦဖြစ်ပါက အဆောက်အဦ ဦးစီးဌာန၏ ခွင့်ပြုမိန့်ဖြင့်လည်းကောင်း တည်ဆောက်ရမည်။

(ဇ) လုပ်ငန်းအဆောက်အဦတွင် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော မီးဘေး အန္တရာယ်လုံခြုံရေးဆိုင်ရာ အစီအမံများ ဆောင်ရွက်ထားရှိရမည်။

(ဈ) သန့်ရှင်းသော သုံးရေ၊ သောက်ရေလုံလောက်စွာ စီစဉ်ထားရှိရမည်။

(ည) လေဝင်လေထွက် ကောင်းပြီး လုံလောက်သော အလင်းရောင်နှင့် အကျယ်အဝန်း ရှိသည့် ပတ်ဝန်းကျင်ရှိရမည်။

(ဋ) လျှပ်စစ်အသုံးပြုခြင်းဆိုင်ရာ အန္တရာယ်ကင်းရှင်းကြောင်း အထောက်အထားများ တင်ပြနိုင်ရမည်။

(ဌ) မိလ္လာစွန့်ပစ်မှုစနစ်အတွက် သန့်ရှင်းသောအိမ်သာ၊ လုံလောက်စွာစီစဉ်ထားရှိရမည့် အပြင် အမျိုးသား/အမျိုးသမီး သီးခြားစီခွဲခြားထားရှိရမည်။

(ဍ) အမှိုက်စွန့်ပစ်ခြင်းများကို သက်ဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ အမျိုးအစား အလိုက် အမှိုက်အိတ်များဖြင့် ခွဲခြားစုဆောင်းခြင်း၊ ခေတ္တသိုလှောင်ခြင်း၊ စွန့်ပစ်ခြင်း များ ဆောင်ရွက်ရမည်။

၃။ **သင်တန်းအရင်းအမြစ်များ**

(က) အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများသည် သင်ရိုးညွှန်းတမ်းနှင့်အညီ ပြည့်စုံ လုံလောက်မှု ရှိရမည်။ စာသင်ခန်းတစ်ခန်းအတွက် ဘာသာရပ်အလိုက် ထားရှိရမည့်

သင်ထောက်ကူပစ္စည်းများ အရေအတွက်ကို ဗဟိုအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီပြင်ဆင်ထားရှိရမည်။

(ခ) သင်တန်းကျောင်းတွင် လက်တွေ့သင်ကြားမည့်နေရာ (Skill Lab) ရှိရမည်။ ဖွင့်လှစ်မည့် သင်တန်းအရေအတွက်ပေါ်မူတည်၍ သင်တန်း တစ်ခုအတွက် Skill Lab တစ်ခု ပြင်ဆင်ထားရှိရမည်။

(ဂ) ဆေးလက်တွေ့သင်ကြားမည့်သင်တန်းများအတွက် လက်တွေ့သင်ကြားနိုင်ရန် ဆေးပညာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ အရိုး၊ မေ့ဆေးအထူးပြုဘာသာရပ် ဝန်ဆောင်မှုများ၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်မှုနည်းတို့ပါရှိသည့် ဗဟိုအဖွဲ့မှ လုပ်ငန်းလိုင်စင်ခွင့်ပြုထားသော ပုဂ္ဂလိကဆေးရုံနှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တင်ပြရမည်။

(၁) ၁၆ ခုတင်ဆံ့ အထွေထွေရောဂါကုဆေးရုံ တစ်ခုလျှင် အများဆုံး သင်တန်းသားဦးရေ (၂၅)ဦးထက်မပိုသော လက်တွေ့ သင်တန်းဆောင်ရွက်ခွင့်ရှိသည်။

(၂) လက်တွေ့သင်တန်းဆင်းမည့် ဆေးရုံများတွင် သင်တန်းသားများအား သင်တန်းအိပ်ဆောင်ကဲ့သို့ထားရှိခြင်း မပြုရပါ။

(၃) လက်တွေ့သင်တန်းဆင်း ပြီးစီးမှုရှိမရှိအား သဘောတူစာချုပ်ချုပ်ဆိုထားသော ဆေးရုံ၏တာဝန်ခံပုဂ္ဂိုလ်က လက်မှတ်ရေးထိုးအတည်ပြုပေးရမည်။

(ဃ) သင်တန်းကျောင်းပြီးမြောက်ပါက ပေးအပ်မည့် အောင်လက်မှတ် နမူနာပုံစံများ ပူးတွဲတင်ပြရမည်။

(င) သင်တန်းများ၏ သင်ကြားသင်ယူမှု၊ အရည်အချင်းစစ်ဆေးမှုများနှင့် ပတ်သက်၍ ဗဟိုအဖွဲ့၏ အခါအားလျော်စွာ ကြီးကြပ်အကဲဖြတ်ခြင်းကို ခံယူရမည်။

၄။ **သင်တန်းကျောင်းလူစွမ်းအားအရင်းအမြစ်များ**

(က) သင်တန်းကျောင်းတွင် အုပ်ချုပ်မှုဖြစ်စဉ်များ ကြီးကြပ်ဆောင်ရွက်ရန် သင်တန်းကျောင်းအုပ်ဆရာ အနည်းဆုံးတစ်ဦးခန့်အပ်ထားရှိရမည်။

(ခ) အကူသူနာပြုသင်တန်းတွင် သင်တန်းဆရာသည် B.N.Sc/Diploma in Nursing & Midwifery ရရှိသူ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ သက်တမ်းရှိ သူနာပြု/ သားဖွားလိုင်စင်ရရှိသူ၊ ဆေးရုံလုပ်ငန်းအတွေ့အကြုံ သို့မဟုတ် သင်ကြားရေးအတွေ့အကြုံ အနည်းဆုံး (၃)နှစ်နှင့် အထက်ရှိသူ၊ ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။

(ဂ) ဆေးဘက်ကျွမ်းကျင်အကူ (ဓာတ်ခွဲ၊ ဓာတ်မှန်၊ ဆေးဝါး) သင်တန်းများအတွက် သင်တန်းဆရာသည် ဆေးတက္ကသိုလ်/ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များမှ အသိအမှတ်ပြုဘွဲ့ရရှိပြီး ကောင်စီများမှ ထုတ်ပေးသော သက်တမ်းရှိဆေးကုသခွင့် လိုင်စင် သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပေးသော ဆေးဘက်ကျွမ်းကျင် မှတ်ပုံတင်ရရှိသူ၊ ဆေးရုံလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်နှင့် အထက်ရှိသူ၊ ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းသူ ဖြစ်ရမည်။

(ဃ) ဘာသာရပ်အလိုက် ဖွင့်လှစ်မည့် သင်တန်းကျောင်းတစ်ကျောင်းအတွက် အုပ်ချုပ်သူ တစ်ဦးနှင့် သင်တန်းဆရာအနည်းဆုံးသုံးဦး ခန့်အပ်ထားရှိရမည်ဖြစ်ပြီး လက်တွေ့ သင်တန်းများအတွက် အထောက်အကူပြု သင်တန်းဆရာများ ခန့်အပ်ထားရှိရမည်။

(င) သင်တန်းဆရာဦးရေနှင့် သင်တန်းသားဦးရေအချိုးမှာ အနည်းဆုံး ၁း ၂၅ ရှိရမည်။

(စ) သင်တန်းဆရာသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခါအားလျော်စွာ ပြုလုပ်သည့် ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းနှင့် စပ်လျဥ်းသည့် သင်တန်းများ တွင် တက်ရောက်နိုင်မည့်သူ ဖြစ်ရမည်။

## ၅။ သင်ရိုးညွှန်းတမ်း

(က) အကူသူနာပြုသင်တန်းအတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အသိအမှတ်ပြု Competency Standards Framework and Guideline အပေါ်မူတည်၍ ရေးဆွဲထားသည့် သင်ရိုးညွှန်းတမ်း ၁,၃၃၀ နာရီ (စာတွေ့ (၄၁၉)နာရီ၊ ဆေးရုံများတွင် လက်တွေ့ (၈၄၁)နာရီ၊ ပြန်လည်ဆွေးနွေးခြင်း၊ စာကြည့်ချိန်၊ လက်မှတ်ရစာမေးပွဲ (ရေးဖြေ၊ လူတွေ့နှုတ်ဖြေ) (၇၀)နာရီ)ကို အသုံးပြုရမည်။

(ခ) ဆေးဘက်ကျွမ်းကျင်အကူ (ဓာတ်မှန်၊ ဆေးဝါး၊ ဆေးမှတ်တမ်း၊ ဓာတ်ခွဲ) သင်တန်း များအတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အသိအမှတ်ပြု Competency Standards Framework and Guideline အပေါ်မူတည်၍ ရေးဆွဲထားသည့် သင်ရိုးညွှန်းတမ်းကို အသုံးပြုရမည်။ (စာတွေ့ (၃၀၀)နာရီ၊ လက်တွေ့(၄၁၅)နာရီ၊ ပြန်လည်ဆွေးနွေးခြင်း၊ စာကြည့်ချိန်၊ လက်မှတ်ရစာမေးပွဲ (ရေးဖြေ၊ လူတွေ့နှုတ်ဖြေ) (၇၀)နာရီ)ကို အသုံးပြုရမည်။

(ဂ) သတ်မှတ်သင်တန်းကာလမှာ အကူသူနာပြုသင်တန်းအတွက် (၉)လ၊ ဆေးဘက်ကျွမ်းကျင်အကူ (ဓာတ်မှန်၊ ဆေးဝါး၊ ဆေးမှတ်တမ်း) အတွက် (၆)လ၊ ဆေးဘက်ကျွမ်းကျင်အကူ (ဓာတ်ခွဲ)အတွက် (၆)လ သတ်မှတ်ရမည်။ (ဗဟိုအဖွဲ့၏ လိုအပ်ချက်နှင့်အညီ သတ်မှတ်သော သင်တန်းကာလအတိုင်းဖွင့်လှစ်ရမည်။)

**၆။ သင်တန်းသားဝင်ခွင့်မူဝါဒ**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနိမ့်ဆုံး Grade-9 သို့မဟုတ် အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း လက်မှတ်ရရှိပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူများ ဖြစ်ရမည်။

(ဂ) သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးထားသည့် ကျန်းမာကြောင်း ဆေးထောက်ခံစာ တင်ပြနိုင်သူဖြစ်ရမည်။

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရသူများ မဖြစ်ရပါ။

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံချက် တင်ပြနိုင်ရမည်။

**၇။ သင်တန်းသားဆန်းစစ်ချက်**

(က) သင်ရိုးညွှန်းတမ်းအရ သင်ကြားပို့ချမည့် Module တိုင်းအတွက် ရေးဖြေ/ လက်တွေ့ပြန်လည် လုပ်ဆောင်မှုများအား ဆန်းစစ်နိုင်ရမည်။

(ခ) ရေးဖြေရမှတ် (၅၀%)၊ လူတွေ့နှုတ်ဖြေရမှတ် (၅၀%) ရရှိမှသာ သင်တန်းဆင်းလက်မှတ်ပေးရမည်။

(ဂ) လက်တွေ့သင်တန်းဆင်းထားရှိမှုအား Module တိုင်းအတွက် checklist ပုံစံများဖြင့်ဆန်းစစ်ထားရှိရမည်။

(ဃ) သင်တန်းသား ဆန်းစစ်ခြင်းနှင့် ပတ်သက်၍ ဗဟိုအဖွဲ့၏ ချမှတ်ထားသောမူဝါဒနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) ပုဂ္ဂလိက ကုသမှုအထောက်အကူပြု သင်တန်းကျောင်းလုပ်ငန်းတွင် အသုံးပြုသည့် ရေးဖြေ၊ လူတွေ့နှုတ်ဖြေ မေးခွန်းပုံစံ၊ အမှတ်ပေးစည်းမျဉ်းများနှင့် သင်တန်းသားဆန်းစစ်ချက်များအား ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ ကိုယ်စားပြုအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကိုခံယူနိုင်ပြီး စစ်ဆေး တွေ့ရှိချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရမည်။

၈။ **လုပ်ငန်းစဉ်အကဲဖြတ်ခြင်း**

(က) မျှော်မှန်းချက် (Vision)၊ ရည်မှန်းချက် (Mission)၊ ရည်ရွယ်ချက်များ (Objectives) များ၊ သင်ရိုးရလဒ်များ (Course Outcomes) ကို ပုံမှန်ပြန်လည်ဆန်းစစ်ရမည်။

(ခ) ဗဟိုအဖွဲ့က ချမှတ်ထားသည့် သင်တန်းကျောင်းအရည်အသွေး၊ သင်တန်းသား အရည်အချင်းဆိုင်ရာ လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရမည်။

၉။ **အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း**

(က) လုပ်ငန်းလိုင်စင်ရရှိပြီးရက်မှစ၍ အနည်းဆုံး (၅)နှစ်ကာလအတွင်း သင်တန်းကျောင်းဆိုင်ရာ အချက်အလက်မှတ်တမ်းများအား သီးသန့်အခန်းနှင့် ကွန်ပျူတာစနစ်ဖြင့် ထိန်းသိမ်းထားရှိရမည်။

(ခ) သင်တန်းသားများ၏ ကိုယ်ရေးအချက်အလက်များနှင့် သင်တန်းသားဆန်းစစ်ချက်များကို အနည်းဆုံး (၅)နှစ်ကာလအထိ ထိန်းသိမ်းထားရှိရမည်။

(ဂ) ဗဟိုအဖွဲ့မှ တောင်းခံလာသော ဒေတာအချက်အလက်များကို စုစည်းပေးပို့ရမည်။

(ဃ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း လိုင်စင်ရရှိသူသည် မိမိသင်တန်းရှိ ပုဂ္ဂလိက သင်တန်းဆရာ အင်အားတိုးခြင်း၊ လျှော့ခြင်းအတွက် သတ်မှတ်ပုံစံတွင် ဖြည့်စွက်ပြုစု၍ သက်ဆိုင်ရာမြို့နယ် ကြီးကြပ်ရေးကော်မတီထံ ရက်ပေါင်း ၁၄ ရက်အတွင်း တင်ပြရမည်။